တူဒေးစာအုပ်တိုက်



# ဂျက်မား နှင့် အလီဘာဘာ

## အင်တာနက်ကုမ္ပဏီ

ဒေါက်တာသိန်းလွင်

**JACK MA & ALIBABA** A Business and Life Biography

by **Yan Qicheng**

# ထုတ်ဝေသူအမှာ

အောင်မြင်မှုက အသီးအပွင့် ဝေဆာနေသော သစ်ပင်တစ်ပင်ဟု ဆိုကြပါစို့၊ ထိုသစ်ပင် ပွင့်ဖို့ ၊ သီးဖို့ ၊ အခက်အလက် ဝေဆာ အရိပ်ရစေဖို့အတွက် ဦးဖွဆိုပြီး လုပ်ယူ၍ မရပါ။ နေ့ချင်းညချင်း ဖန်တီးယူ၍ မရပါ။ သစ်ပင်ဖြစ်ဖို့ သစ်စေ့ကို ပျိုးရသည် ။ ရေလောင်းပေါင်းသင်ကာ ပြုစုရသည် ။ မျိုးစေ့လည်း မှန်၊ ပင်လည်း သန်အောင် တစ်ဆင့်ချင်း ပျိုးထောင် ရသည် ။ ယခုလည်း ဂျက်မားဟု အမည်ရသည့် စွန့်ဦးတွေးခေါ်သူ ပုဂ္ဂိုလ်တစ်ဦးက အောင်မြင်မှု သစ်ပင်ကို စိတ်ရှည် လက်ရှည် ပြုစုပျိုးထောင်သည် ။ သူ့သစ်ပင်ရိပ်ထဲသို့ ယုံယုံကြည်ကြည်၊ စိတ်အေး လက်အေး ခိုလှုံလာ စေရန် အားထုတ်သည် ။ သီးပွင့်လာသည် တို့ ကို အခြားသူတွေထံ ဝေမျှသည် ။ သူ့စိတ်ကူး စိတ်သန်း၊ သူ့စွန့်စားမှု၊ သူ့ကြိုးပမ်းမှု တို့ ဖြင့် ရရှိလာသည့် ချိုမြိန်မှုတို့ ကို အခြား သူတို့ နှင့် အတူ ခံစားသည် ။ တစ်နည်းအားဖြင့် ယခုစာအုပ်တွင် တရုတ်ပြည်၌ အီလက်ထရောနစ်စီးပွားရေး တွင် ကျယ် အောင်မြင်လာစေရန် မျိုးစေ့ချ ပျိုးထောင်ခဲ့သည့် ဂျက်မား၏ လုပ်ငန်းခွင် ဘဝဖြတ်သန်းမှုများကို သေချာကျနစွာ ပြောဆိုရေးသားထားသောကြောင့် စီစဉ် ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည် ။

**တူဒေးစာအုပ်တိုက်**

***

# အခန်း (၁)

# အဖေနှင့် သား

ဟန်ဇောင်း အနောက်ရေကန်မှာ လှပသည့် အတွက် ကမ္ဘာကျော်နေရာ ဖြစ်ပါသည် ။ အနောက်ရေကန်၏ ထင်ပေါ် ကျော်ကြားမှုကြောင့် ဂျုံးသည် ထိုနေရာသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါသည် ။ အင်္ဂလိပ်လူမျိုး ဂျုံးသည် သူတည်းခိုနေသည့် ဟိုတယ်အဝင် တံခါးမှာ ရပ်ရင်း ပတ်ဝန်းကျင် မြင်ကွင်းကို လေ့လာ ကြည့်ပါသည် ။ တိမ်တိုက်များ သို့မဟုတ် မီးခိုး ငွေ့တွေလိုလို တွေ့နေရပါသည် ။ တောက်ပနေသည့် မှန်သားပြင်ကဲ့သို့ ဖြစ်နေသော ရေကန်မျက်နှာပြင်မှာ အမျိုးမျိုး ထင်ဟပ်နေကြပါသည် ။ မြက်ခင်းစိမ်းနေသည့် ကျွန်းငယ်လေးများ ၊ ကန်ဘေးပတ်လည်မှာ ရှိနေသော ရောင်မျိုးစုံလင် အဆောက်အအုံများ ၊ ကမ်းဘေးတွင် ပေါက်နေသည့် မိုးမခပင်များကလည်း မြူတစ်ထပ်ခံထားသည့် ကန်ရေပြင်တွင် ရောနှော ထင်နေပါသည် ။ အရောင်များမှာ ထင်ရှားသည့် ဆန့်ကျင်ဘက်များ မတွေ့ရပါ။ ထိုနေရာတွင် သဘာဝအလှက သိပ်မထူးဆန်းလှပါ။ သို့သော် ကြည့်နေသောလူ၏ စိတ်ထဲနှလုံးထဲမှာ စွဲထင်နေစေသည့် ဆွဲအား အရည်အသွေးရှိသည့် မြင်ကွင်း ဖြစ်နေပါသည် ။ မြင်နေရသည့် မြင်ကွင်းမှာ ကျွမ်းကျင်လှသည့် အနုလက်မှုပညာရှင် တစ်ဦးဦးက လက်ရာမြောက် ဖန်တီးထားသလို ဖြစ်နေပါသည် ။

အဝေးကြီးမှာ လှေငယ်လေး တစ်စင်းကို တွေ့မြင် နေရပါသည် ။ မြင်နေရသည့် မှာ သစ်ရွက်ကလေး တစ်ရွက်ထက်မကြီးသော အရွယ်သာ ရှိပါသည် ။ လှေသွားနေမှုကြောင့် ကန်ရေပြင်တွင် လှိုင်းဂယက်လေးများ ထနေပါသည် ။ ဝါးခမောက်နှင့် အစဉ်အလာ သုံးမိုးရေကာဝတ်ထားပြီး ထိုးဝါးတစ်ချောင်းလည်း ကိုင်ထားသည့် တံငါသည် တစ်ဦးမှာ ကန်ရေ မျက်နှာပြင်တွင် ပေါ်နေပါသည် ။ ထိုရင်သပ်ရှုမောဖွယ် မြင်ကွင်းကို တွေ့ရသော ဂျုံးအတွက် သတိရစရာတစ်ခု ဖြစ်လာခဲ့ပါသည် ။ တရုတ်လူမျိုးတွေ ခဏခဏ ပြောတတ်ကြသည့် ယန်စီမြစ် (Yangtze) အတွင်း မြူများ နှင့် မိုးများ ရောနှောနေသည့် ထင်ရှားသော မြင်ကွင်းအကြောင်း သတိရ စေပါသည် ။ ထိုသို့ သတိရလိုက်သည် နှင့် အင်္ဂလိပ် လူမျိုးဖြစ်သည့် ဂျုံးအနေဖြင့် ထိုဒေသသို့ လာရခြင်းမှာ အချည်းနှီး မဖြစ်ဘူးဟု ချက်ချင်း ခံစား လိုက်ရပါသည် ။

"ဟဲလို"

ဗြိတိသျှလေသံဖြင့် ညင်သာစွာ ပြောလိုက်သံကို ကြားလိုက်ရပါသည် ။ ထိုအသံမှာ ကလေး တစ်ယောက်၏ အသံဆိုသည် မှာ သိသာလှ ပါသည် ။ သို့သော် သူ့အသံတွင် မိမိကိုယ်မိမိ ယုံကြည်မှု ရှိနေပါသည် ။ ဒီလိုနေရာမျိုးမှာ ဗြိတိသျှ လူမျိုး ခရီးသွား နောက်တစ်ယောက် ဘယ်လို ရောက်နေနိုင်ပါသလဲ။ Golden Mountain ဟိုတယ်ရှိ လှေကားအောက် ဘက်နားတွင် အကြာကြီး ရပ်ကြည့်နေသည့် ဂျုံးသည် အသံလာသည့် ဘက်သို့ လှည့်ကြည့်လိုက်ပါသည် ။ သူ့မြင်ကွင်းတွင် ဆယ်ကျော်သက် အရွယ်လူငယ်လေး၏ ပုံရိပ်ပေါ်လာပါသည် ။ ထိုကလေးမှာ ဘောင်းဘီ အနက်ရောင်နှင့် ရှပ်အင်္ကျီ အဖြူရောင်ကို ဝတ်ထားပြီး အင်္ကျီလက်ကို ခေါက်တင်ထားပါသည် ။ ခြေထောက်မှာ ပလတ်စတစ် ခြေညှပ်ဖိနပ်ကို ဝတ်ထားပါသည် ။ ကလေးမှာ စက်ဘီးပေါ်တွင် ထိုင်

နေရင်း ခြေတစ်ဖက်က မြေကို ထောက်ထားပါသည် ။ နောက်ခြေတစ်ဖက်မှာ စက်ဘီး ခြေနင်းပေါ်တွင် ရှိနေပါသည် ။ ထိုကလေးသည် ဂျူးကို အင်္ဂလိပ်လို အားရပါးရ နှုတ်ဆက်ရင်း အားရပါးရ ပြုံးပြလိုက်ပါသည် ။ တရုတ် လူမျိုးကလေးတွေ ထိုကဲ့သို့ တရင်းတနှီး အားရပါးရ နှုတ်ဆက်လာသည် ကို အရင်က မကြုံဖူးသဖြင့် ဂျူးမှာ အံ့အား သင့်နေမိပါသည် ။ စိတ်ထဲမှာ ဝမ်းသာသည့် ခံစားချက် ဖြစ်လာသဖြင့် လက်ဝှေ့ယမ်းပြီး "ဟယ်လို" မောင်ပြုံးချိုလေး ဟု အင်္ဂလိပ်လို ပြန်နှုတ်ဆက်လိုက်ပါသည် ။ ထိုအချိန်တွင် ဘာနေရောင်ခြည်မှ မတွေ့ရသေးပါ။ အလင်းရောင် စတင် ထွက်လာနေပါသည် ။ သို့သော်လည်း ဂျူး၏ စိတ်ထဲတွင် အားရပါးရ ပြုံးပြသည့် ထိုကလေး၏ အပြုံးကြောင့် နွေးထွေးမှုကို ခံစားရလိုက်ပါသည် ။ သူ၏ ခြောက်သွေ့နေသော နေ့တွင် နွေးထွေးသော ခံစားမှုကို ရရှိလိုက်ပါသည် ။

ထိုကလေးမှာ သေးငယ်ပြီး အရပ်ပုသည့် ကိုယ်ပေါ်တွင် ဦးခေါင်းမှာ ပုံမှန် မဟုတ်အောင် ကြီးမားနေပါသည် ။ သူ့အပြုံးမှာ မြင်လိုက်ရသူ စိတ်နှစ်လုံးကို အေးမြ သွားစေပါသည် ။ သူ့မျက်လုံးများက အရောင်တောက်နေပြီး သူ့သွားတွေက နှင်းတွေလို ဖြူဖွေးနေပါသည် ။ ပြုံးနေသော သူ့အပြုံးကြောင့် သူ့မျက်နှာ နေရာအနှံ့တွင် အရောင် လက်နေသလိုပင် ဖြစ်နေပါသည် ။

"ခင်ဗျား ဒီအနောက် ရေကန်ကို သဘောကျပါသလား။ ကျွန်တော်က ခင်ဗျားအတွက် အခမယူ လှည့်လည်ပြသသူ လုပ်ပေးနိုင်ပါတယ်။ ကျွန်တော်က တတ်သိ ကျွမ်းကျင်သူတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီနေရာနဲ့ ပတ်သက်ပြီး ခင်ဗျားအတွက် သစ်ဆန်းတာ တစ်ခုခုတော့ ပြောပြနိုင်မှာ ပါ" ဟု ပြောလာပါသည် ။

မောင်ပြုံးချိုလေးသည် စကားကို ရှင်းရှင်းနှင့် သွက်သွက် ပြောပါသည် ။ အများ သုံးသည့် စကားတွဲများ ဖြင့် ဖော်ပြပြောဆိုခြင်းမရှိသော်လည်း သူပြောသည် များကို ဂျုံးက အားလုံး နားလည်ပါသည် ။ ထို့ကြောင့် ဂျုံးသည် ဝမ်းသာအားရ ပြုံးလိုက်ပါသည် ။ သူ့အနေနှင့် သူမရောက်ဖူး သေးသည့် နိုင်ငံတစ်ခုကို လာသည့် အချိန်တွင် ထိုကဲ့သို့ ဖော်ရွေပြီး အားတက်သရော ကူညီတတ်သော လူငယ်လေး တစ်ယောက်ကို တွေ့လိုက်ရခြင်းမှာ ဘုရားမတာပဲဟု ခရစ်ယာန် ဘာသာဝင် တစ်ယောက် အနေဖြင့် ယုံကြည်ပါသည် ။ ထို့နောက် သူက ခေါင်းကို ညိတ်ပြလိုက်ပါသည် ။

မောင်ပြုံးချိုလေးသည် ပုံမှန်ထက်ပင် ပြုံးသွားပါသည် ။ သူက ဂျုံးကို ထိုင်ရန် ပြသည့် အနေဖြင့် သူ့စက်ဘီး နောက်ထိုင်ခုံကို ပုတ်ပြပါသည် ။ ဂျုံးအနေဖြင့် အရှေ့အာရှတွင် ရောက်နေပြီး ကမ္ဘာကျော် ဟန်ဇောင်း (Hangzhou) အနောက်ပိုင်း ရေကန်ကို လှည့်လည် ကြည့်ရှုရန် စက်ဘီး နောက်ထိုင်ခုံပေါ်တွင် ရောက်နေသည် ကို မယုံနိုင်အောင် ဖြစ်နေမိပါသည် ။ သူ့အနေဖြင့် ဒဏ္ဍာရီထဲမှ အရှေ့တိုင်း အရသာကို ခံစားနိုင်တော့မည် ဟု လည်း စိတ်ထဲမှာ ဖြစ်နေပါသည် ။

ဂျုံးသည် ကလေး၏ စက်ဘီးနောက်ဘက်ရှိ ထိုင်ခုံပေါ်တက် ထိုင်လိုက်ပါသည် ။ မောင်ပြုံးချိုလေး၏ မျက်နှာတွင် ကျေနပ်နှစ်သက်သွားသည့် အမူအရာ ပေါ်လာပါသည် ။ သူက စက်ဘီးခြေနင်းအပေါ် တက်လိုက်ပြီး စတင် နင်းသွားပါတော့သည် ။ သူအားရှိသလောက် စက်ဘီးကို နင်းသွားပါသည် ဂျုံးအနေနှင့် လည်း လမ်းမှာ နှစ်သက်ကြည်နူးစရာ မြင်ကွင်းတွေကို မြင်ရပါသည် ။

အနောက်ပိုင်း ရေကန်မှာ ရှိသော ထင်ရှားသည့် ခရီးသွားများ သ

ဘောကျသည့် နေရာ ဆယ်ခုအကြောင်း သူတတ်သော အင်္ဂလိပ်စာဖြင့် အကောင်းဆုံး ရှင်းပြပါသည် ။ သို့သော်လည်း ပင်ပန်းလာသည့် ကလေး မောင်ပြုံးချိုမှာ ဟောဟဲလိုက်ပြီး မောနေပါသည် ။ ထို့ကြောင့် ဂျုံးသည် စက်ဘီးထိုင်ခုံမှ အောက်သို့ ဆင်းလိုက်ပြီး မောင်ပြုံးချိုအား ထိုင်ခုံတွင် ထိုင်ခိုင်းကာ သူက စက်ဘီးကို နင်းပါတော့သည် ။ ဂျုံးက စက်ဘီးနင်းရင်း မောင်ပြုံးချို ပြောပြ ရှင်းပြသည် များကို နားထောင်ပါသည် ။ ဂျုံးက စိတ်ဝင်စားစရာနေရာ ဆယ်ခုနှင့် ပတ်သက်သော အဓိက လက္ခဏာများ နှင့် ဒဏ္ဍာရီဆန်သော ပုံပြင်များ အကြောင်းကို မေးကြည့်ပါသည် ။

ပုံမှန်မဟုတ်သော ခရီးသွားနှစ်ယောက်သည် တစ်ယောက်ထံမှ တစ်ယောက် သင်ယူရနေကြပါသည် ။ ဂျုံးက အနောက်ရေကန်နှင့် ပတ်သက်သည့် အလှများကို နက်ရှိုင်းစွာ နားလည်လာပါသည် ။ တရုတ် လူမျိုးတွေ အလှအပကို ဘယ်လို တန်ဖိုးထားကြသည် ကိုလည်း နားလည် လာပါသည် ။ ထို့ကြောင့် သူသည် ကမ္ဘာပေါ်မှာ ရှိနေသည့် အလှနိဗ္ဗာန် နေရာကို အလွန်အားရ ကျေနပ်နေမိပါသည် ။ ကလေး မောင်ပြုံးချိုကတော့ အင်္ဂလိပ်စာကို ဘယ်လို အသံထွက်ရကြောင်း အနီးကပ် လေ့လာသင်ယူ နိုင်ခဲ့ပါသည် ။ သူက ဂျုံးကို မေးခွန်းတွေ အများကြီး မေးခဲ့ပါသည် ။ သူက အင်္ဂလိပ်စာကို ပိုတိကျပြီး သွက်လက်စွာ ပြောတတ်ချင်ပါသည် ။ သူတို့ နှစ်ယောက် အပြန်အလှန် ပြောခဲ့သည့် စကားများမှာ ဂျုံးမှတ်ဉာဏ်တွင် စွဲထင်နေပါတော့သည် ။

နောက်ပိုင်း နှစ်များ စွာ ကြာသောအခါ ဂျုံးသည် မဂ္ဂဇင်းတစ်စောင်ကို ကောက်ကြည့်မိပါသည် ။ မျက်နှာဖုံးတွင် ဖော်ပြထားသည့် လူတစ်ယောက်၏ ဓာတ်ပုံကို သေချာ ကြည့်နေမိပါသည် ။ သူ့မှတ်ဉာဏ်တွင် ရှိနေသော မှတ်မိမှုများကို ပြန်ကြည့်နေမိပါသည် ။ နောက်တဖြည်းဖြည်း

မှတ်မိမှုများကို ပြန်လည် စုစည်းနိုင်လာခဲ့ပါသည် ။ ထိုဓာတ်ပုံရှင်မှာ ထို လွန်ခဲ့သော နှစ်များ စွာက တွေ့လာခဲ့သည့် ကလေး မောင်ပြုံးချိုလေး၏ ဓာတ်ပုံ ဖြစ်နေပါတော့သည် ။

ကြီးမားသော ဦးခေါင်း၊ တောက်ပနေသည့် မျက်လုံးများ နှင့် အားရပါးရ အပြုံးများ သည် အရင်ကအတိုင်း ချစ်စရာ၊ စိတ်နှလုံး ချမ်းမြေ့စရာ ကောင်းလှပါသည် ။ ဂျုံးသည့် ထိုခရီးစဉ် နောက်ပိုင်း က မ္ဘာပေါ်ရှိ ထင်ရှားသည့် နေရာများ သို့ သွားရောက် လည်ပတ် ဖူးခဲ့သော် လည်း အနောက်ရေကန်ကို သွားရောက် လည်ပတ်ရင်း မမျှော်လင့် သော တွေ့ဆုံရမှုကို မမေ့နိုင်အောင် ဖြစ်ပါသည် ။ မဂ္ဂဇင်း မျက်နှာဖုံးကို ကြည့်လိုက်သောအခါ မျက်နှာဖုံးမှာ ဖော်ပြထားသည့် ဓာတ်ပုံပိုင်ရှင်မှာ ဂျက်မား ဖြစ်နေပါသည် ။ ထိုကလေး မောင်ပြုံးချိုလေးမှာ သူနှင့် ခွဲခွာ သွားပြီး နောက်နှစ်ပေါင်းများ စွာ ကြာသောအခါ မဂ္ဂဇင်း မျက်နှာဖုံးမှာ စတားအဖြစ် ပြန်တွေ့ နေရပါသည် ။ ထိုအမည်မှာ သူကပေးခဲ့သော အ မည်ဖြစ်ပါသည် ။ ထိုစဉ်က သူနှင့် အမှတ်မထင် တွေ့ခဲ့သော တရုတ်လူ ငယ်လေးမှာ မဂ္ဂဇင်း မျက်နှာဖုံးပုံ ပိုင်ရှင် ဖြစ်နေပါသည် ။ အမေရိကန် မှာ ဩဇာတိက္ကမ ကြီးမားသည့် စီးပွားရေး မဂ္ဂဇင်းကြီး Forbes မှာ မျက် နှာဖုံး ဓာတ်ပုံပိုင်ရှင် စတား ဖြစ်လာခဲ့ပါသည် ။ စီးပွားရေး မဂ္ဂဇင်းကြီး Forbes မှာ မျက်နှာဖုံး ဓာတ်ပုံပိုင်ရှင် လူတိုင်း မဖြစ်နိုင်ပါ။ ဘယ်လို အောင်မြင်မှုမျိုးက ထိုကလေး မောင်ပြုံးချိုကို ထိုလောက် မြင့်မားသည့် အဆင့်သို့ ရောက်စေခဲ့ပါသလဲ။ ဟိုရှေးရှေးက အာရေဗီယန်နိုက် (တစ် ထောင့်တစ်ည) ပုံပြင်ထဲမှ အလီဘာဘာ ပုံပြင်အကြောင်း ပြန်မစဉ်စား ဘဲ မနေနိုင်အောင် ဖြစ်ခဲ့ရပါသည် ။ အလီဘာဘာက "Open Sesame" ဟူသော စကားကို ပြောလိုက်သည့် နှင့် သူ့မျက်စိ ရှေ့မှောက်မှာ မရေမ တွက် နိုင်လောက်အောင် များ ပြားသော ရတနာများ ပေါ်လာခဲ့ပါသည်

။ ဂျုံးသည် မဂ္ဂဇင်းကို နောက်တစ်ကြိမ် ပြန်ကြည့်ပါသည် ။ ဂျက်မားသည် တရုတ် အလီဘာဘာ ဒါရိုက်တာများ အဖွဲ့တွင် ဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိချုပ် ဖြစ်နေပါသည် ။ သူ့လက်ကြီးများ ဖြင့် ထို မဂ္ဂဇင်းကို ကိုင်ထားရင်း တစ်ချိန်က ထိုကလေး မောင်ပြုံးချိုလေးနှင့် သူတို့ ခွဲခွာရသည့် မြင်ကွင်းကို ပြန်လည်မြင်ယောင် နေမိပါတော့သည် ။

နေမင်းသည် အနောက်ဘက်တွင် ဝင်လုဆဲ ဖြစ်နေပါသည် ။ အနောက် ရေကန်သည် လည်း တဖြည်းဖြည်း မြူများ နှင့် နှင်းများ ဖြင့် ဖုံးကာ သွားပါတော့သည် ။ နေရောင် အရှိန်ကြောင့် အနောက်ရေကန် မျက်နှာပြင်တွင် ကျောက်စိမ်းရောင် လှိုင်းများကို မြင်တွေ့နေရပါသည် ။ သူတို့ နှစ်ယောက်လုံး မောပန်းနေပါပြီ။ ခပ်လှမ်းလှမ်းတွင် နောက် စက်ဘီး တစ်စီး ပေါ်လာပါသည် ။ စက်ဘီး စီးလာသူက "ဟေးလူလေး အခုလောက်ဆိုရင် လုံလောက်ပါပြီ။ အခုဆိုရင် ညစာ ပြန်စားဖို့ အချိန် ရောက်နေပြီ" ဟု လှမ်းပြောလိုက်ပါသည် ။

ထိုသို့ လှမ်းပြောလိုက်သူမှာ သက်လတ်တန်း လူရွယ်တစ်ဦး ဖြစ်ပါသည် ။ သူကလည်း သိပ်အရပ်မရှည်ပါ။ ကလေး မောင်ပြုံးချိုနှင့် ရုပ်ဆင်ပါသည် ။ ထို့ကြောင့် ဂျုံးက ထိုလူမှာ ကလေးဖခင်ဖြစ်မည်ဟု နားလည်လိုက်ပါသည် ။ ထိုလူ၏ ထူးခြားသည့် အသံကြောင့် ဂျုံးက ဖခင်နှင့် သားတို့ မှ ချစ်ခင်မှု တစ်ရပ်ကို သတိ ပြုမိလိုက်ပါသည် ။ ထို အချက်ကို အာရှ အရှေ့ပိုင်း စရောက်ကတည်းက သတိ ထားမိခဲ့ပါသည် ။ မျှော်လင့်ထားသည့် အတိုင်းပင် ကလေး မောင်ပြုံးချိုက ထိုလူကို "ဖေဖေ" ဟု ခေါ်လိုက်ပါသည် ။

ထိုအချိန်တွင် ဂျုံးက ကလေးဖခင်က ကလေးကို အနောက် ရေကန်

သို့လာရန် ခွင့်ပေးခဲ့ကြောင်း၊ ထို့ကြောင့် ကလေး မောင်ပြုံးချိုက ရေကန်အနီးအနား လိုက်လံကြည့်သည့် အလုပ်ကို အခမဲ့ လုပ်ဆောင်ပေးနိုင်ခဲ့ခြင်း ဖြစ်ပါသည် ။ ကလေး မောင်ပြုံးချိုက သူ့ရည်မှန်းချက်ပန်းတိုင်မှာ လာလည်သူ နိုင်ငံရပ်ခြားမှ ခရီးသွား ဧည့်သည် များ နှင့် အပြန်အလှန် အဆက်အသွယ်မှုများ ရပြီး သူတို့ နှင့် အင်္ဂလိပ်လို စကားပြောခြင်းဖြင့် အင်္ဂလိပ် စကားပြော ပိုကျွမ်းကျင်လာစေရန် ဖြစ်ကြောင်း ပြောပြပါသည် ။

ဂျက်မား၏ ဖခင်လိုက်ဖာမသည် ကျေးလက်အက ဖော်ဖြေရေး လုပ်ငန်းတွင် ကျွမ်းကျင်သူ တစ်ယောက် ဖြစ်ပါသည် ။ ကျေးလက်အက ဖျော်ဖြေရေး အသင်းတွင် ဒါရိုက်တာ တစ်ယောက်လည်း ဖြစ်ပါသည် ။ လူအများ နှင့် ကောင်းစွာ အဆက်အသွယ်များ ရှိသည့် အတွက် သူ့သား ဂျက်မားကို အော်ပရာသို့ ပုံမှန် ခေါ်သွားလေ့ ရှိပါသည် ။ ထိုအချိန်က ဂျက်မားသည် တရုတ် အော်ပရာကို ကောင်းစွာ နားမလည်သေးပါ။ သို့သော်လည်း ကပြမှုများ တွင် သူရဲကောင်းများ အချင်းချင်း တိုက်ခိုက်သည့် စိတ်လှုပ်ရှားစရာ ကောင်းသည့် တိုက်ခိုက်မှု မြင်ကွင်းများကို နှစ်သက်သဘောကျ ခဲ့ပါသည် ။

ဂျက်မားသည် ကျောင်းတွင် စာကြိုးစားသည့် ကျောင်းသား တစ်ယောက် မဟုတ်ခဲ့ပါ။ သို့သော် ဂျူဒိုကိုယ်ခံပညာ (Martial Art) ကိုတော့ အထူး စိတ်ဝင်စားပါသည် ။ သူက နပန်းလုံးရာတွင် ပိုတော်ပါသည် ။ သူက အရပ်လည်း မမြင့်၊ ကိုယ်ကလည်း မတောင့်တင်းသည့် အတွက် တိုက်ခိုက်သည့် စွမ်းရည်များ ထဲတွင် ထိခိုက်မှု မရှိပါ။ ထို့ကြောင့် သူငယ်ချင်း အများက သူ့နောက်လိုက်ကြပါသည် ။ သူငယ်ချင်းများ အတွက် ရန်ဖြစ်ပေးရမှုများ လည်း များ စွာ ရှိခဲ့ပါသည် ။ ထိုဖြစ်ရပ်များ ထဲမှ အဆိုးဆုံး ဖြစ်ရပ်မှာ ဆေးရုံတက်ပြီး ၁၃ ချက်တောင် ချုပ်ယူရသ

ည့် ဖြစ်ရပ် ဖြစ်ခဲ့ပါသည် ။ သူက ကျောင်းမှာ အမျိုးမျိုး ဒုက္ခပေးတတ်သူ ကျောင်းသား တစ်ယောက် ဖြစ်ခဲ့ပါသည် ။ သူ့မိခင်က မှတ်ချက်တစ်ခု ပေးပါသည် ။ သူ့သားသည် ကျောင်းက သတ်မှတ်စည်းကမ်းများကို လိုက်နာတတ်သူ မဟုတ်ဟု သဘောထား မှတ်ချက် ပေးခဲ့ဖူးပါသည် ။ သူသည် ဂျင်ယွန်း၏ ဂျူဒိုကိုယ်ခံပညာ (Martial Art) ဝတ္ထုကို ဖတ်ရတာ နှစ်သက်ပါသည် ။ သူက ဂျူဒိုကိုယ်ခံပညာ (Martial Art) မှာ စိတ်ပါဝင်စားမှုသည် နောက်ပိုင်း သူ့ဘဝတွင် လွှမ်းမိုး သက်ရောက်မှုများ ရှိလာစေ ခဲ့ပါသည် ။ အလီဘာဘာအတွက် ဌာနချုပ်ကို ထူထောင်ရာတွင် ဂျင်ယွန်း၏ အမည်များကို နေရာ အများ အပြားတွင် သုံးခဲ့ပါသည် ။ ဥပမာ အစည်းအဝေး ခန်းများကို Peach Blossom Island' 'Bright Summir' ဟု အမည်များ ပေးပါသည် ။ စာကြည့်တိုက်ကိုတော့ Evening in the Marple Woods' ဟု အမည် ယူထားပါသည် ။ ထိုအမည်များ နှင့် အနောက် ရေကန်တွင် ဖြစ်ခဲ့သော လက်နက်ကိုင် တိုက်ခိုက်မှုများသည် သူငယ်စဉ်က စိတ်ဝင်စားခဲ့သည့် ဖြစ်ရပ်များ ဖြစ်ခဲ့ပါသည် ။

သူသည် ဂျူဒို ကိုယ်ခံပညာမှာ အထူး စိတ်ဝင်စားခဲ့သည့် အပြင် နောက်စိတ်ဝင်စားသည် မှာ အင်္ဂလိပ်စာကို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်လိုသည့် ဆန္ဒပြင်းပြပါသည် ။ သူ့ဖခင်က အောက်ပါအတိုင်း ပြောပါသည် ။ "ကျွန်တော်ဟာ ကျွန်တော့်သားမှာ ကျွမ်းကျင်မှုများကို ဖြစ်လာအောင် တူးဆွပေးတဲ့ ပေါက်တူး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ သူ့မှာ အားသာချက် ရှိတာကို သိတဲ့ အချိန်ကစပြီး သူ့မှာ ရှိတဲ့ အနုတ်လက္ခဏာ ဆောင်တဲ့ သဘောတွေကို ဖုံးကာနိုင်အောင် အဲဒီ အားသာချက်ကို သုံးပါတယ်" ဟု ပြောပါသည် ။

ဖခင်အနေဖြင့် ပထမဆုံး တူးဆွလိုက်သည် မှာ ဂျက်မား အင်္ဂလိပ်စာ မှာ ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်လိုသည့် စိတ်ဖြစ်အောင် လုပ်

ဆောင်ပေးခြင်း ဖြစ်ပါသည် ။ သို့သော် ထိုလုပ်ဆောင်ပေးချက်မှာ အမှတ်မထင် ဖြစ်လာသော ကိစ္စသာ ဖြစ်ပါသည် ။ ငယ်စဉ် ကလေးဘဝက ဂျက်မားသည် မနာခံဘဲ ပုန်ကန် တော်လှန်တတ်သည့် သဘော ရှိခဲ့ပါသည် ။ ထိုအချိန်က သူ့ဖခင်မှာ သူ့သား တော်လှန်ပုန်ကန်မှုကို လက်ခံရသည့် အနေအထားမှာ ရှိခဲ့ပါသည် ။ သူ့ဖခင်က သူကို အပြစ်တင်သည့် အခါများ တွင် ဂျက်မား တုံ့ပြန်ပုံမှာ ပုံမှန် တုံ့ပြန်ခြင်းမျိုး မဟုတ်ပါ။ ဂျက်မားက သူ့ဖခင်ကို အင်္ဂလိပ်လို ပြန်ပြောပါသည် ။ ထိုသို့ ပြန်ပြောသည့် အတွက် သားအဖနှစ်ယောက်ကြား ဖြစ်သော စကားများမှုမှာ စိတ်ဝင်စားစရာကောင်းလာ ပါတော့သည် ။ သူ့ဖခင်က ဟန်ဇောင်း (Hangzhou) လေသံဖြင့်ပြောသည့် အချိန်မှာ ဂျက်မားက သိပ်မပြောတတ် ပြောတတ် အင်္ဂလိပ်စကားဖြင့် ထော့နင်း ထော့နင်း ပြန်ပြောပါသည် ။ ထိုသို့ ဖြစ်နေမှုကို ဖခင်က ဘာမှ မကျေမနပ် မပြောပါ။ အဘယ်ကြောင့် ဆိုသော် ထိုသို့ အင်္ဂလိပ်လို ပြန်ပြောနေခြင်းက သူသည် အင်္ဂလိပ်စကားကို ဘယ်လောက် ပြောတတ်ချင်ကြောင်း ပြနေသည့် အတွက် ဖြစ်ပါသည် ။ ဖခင်၏ အမြင်တွင် စွမ်းရည်နှင့် လိုချင်ဆန္ဒ ပြင်းပြမှုတို့ သည် ကလေးတိုင်းတွင် ရှိသင့်သည် ဟု ယုံကြည် ထားပါသည် ။ ထို့ကြောင့် သူတို့ မှာ အချိန်ရတိုင်း ဖခင်က သူ့သားဂျက်မားကို အနောက်ရေကန်ကြီးသို့ ခေါ်သွားပြီး အင်္ဂလိပ် စကားပြောရန် နိုင်ငံခြားသားများကို ရှာပေးခဲ့ပါသည် ။

ဂျက်မား၏ ဖခင်မှာ အင်္ဂလိပ်လို ပြောသည် ကို နားလည်ရန် အခက်အခဲ ရှိသော်လည်း သူ့သား အင်္ဂလိပ်စကားပြော လေ့ကျင့်နိုင်ရန် အတွက် သူတတ်နိုင်သမျှ ကူညီ ဆောင်ရွက်ပေးပါသည် ။ အားပေး တိုက်တွန်းမှုများ လည်း ပြုလုပ်ပါသည် ။ ဂျက်မား စွမ်းရည်များ တိုးတက်အောင် နည်းဗျူဟာ အမျိုးမျိုး ရှာပေးပါသည် ။

တစ်ခါတစ်ရံတွင် ဂျက်မားသည် သူ့ဖခင်နှင့် အတူ အပြင်သွား ပါသည် ။ တစ်ခါတစ်ရံတွင် သူ၏ ဟောင်းနွမ်းပြီး အသံတွေ အမျိုးမျိုး ထွက်နေသည့် စက်ဘီးလေးယူပြီး သူတစ်ယောက်တည်း ထွက်သွား တတ်ပါသည် ။ အနောက်ရေကန် ကမ်းတစ်လျှောက် စက်ဘီးစီးသွား ရင်း အင်္ဂလိပ်လို ပြောနိုင်သည့် ကျွမ်းကျင်မှုတိုးအောင် အခွင့်အ လမ်းများ လိုက်လံ ရှာဖွေပါသည် ။ ဂျက်မားသည် သူ့အင်္ဂလိပ်လို ပြော သည့် ကျွမ်းကျင်မှု တိုးတက်အောင် လုပ်ဆောင်မှုမှ တစ်ဆင့် ဂျက်မား တွင် မြင်ကွင်းများ လည်း ကျယ်လာခဲ့ပါသည် ။ အနောက်တိုင်း ယဉ်ကျေးမှုများ ၊ တန်ဖိုးထားမှုများ နှင့် လျှင်မြန်စွာ တိုးတက် ပြောင်း လဲနေသည့် တရုတ်ပြည်ကြီးအပေါ် စိတ်နေသဘောထားများ နှင့် ခံစား ချက်များကိုလည်း သိလာသဖြင့် ထိုအရာများ အားလုံးသည် ဂျက်မား၏ စဉ်းစားပုံအပေါ် လွှမ်းမိုးသက်ရောက်မှု ရှိလာစေပါသည် ။ ထိုအချိန်က သူ့မှာ ဘယ်လို ခံစားရသည် ကိုတော့ ဘယ်သူမှ မသိပါ။ သို့သော် လူထု ဆက်သွယ်ရေး နယ်ပယ်တွင် အလီဘာဘာကို ကမ္ဘာ့အဆင့်မီ တံဆိပ် အဖြစ် သတ်မှတ်လိုက်သည့် အခါ ချောက်တီး ချောက်ချက် စက်ဘီး လေးဖြင့် အနောက် ရေအိုင်ပတ်လည်မှာ စက်ဘီးစီးရင်း အင်္ဂလိပ် စ ကားပြောခွင့်ရအောင် ဧည့်သည် များ ရှာနေသည့် အချိန်ကတည်းက ယ ခုလို အောင်မြင်မှုများကို စိတ်ကူးအိပ်မက် မက်ခဲ့နိုင်မှာ ဟု ဂျက်မား၏ နောက်ကြောင်း အခြေအနေကို ပြန်လည် ကြည့်နေမိပါသည် ။

အလုပ်တွေများ သည့် ဟန်ဇောင်း၏ ညတစ်ညမှာ လပြည့်လ၏ အ လင်းတန်းသည် ဂျက်မားဖခင်၏ နဖူးပေါ်ရှိ ချွေးသီးလေးအပေါ် တည့် တည့်ကျ အရောင်ပြန်နေပါသည် ။ မီးအိမ်ထဲမှ မီးသည် ပဲသီးငယ်လေး အရွယ်လောက်အထိ အရောင် လျော့ကျနေပါသည် ။ သူသည် သူ့ကိုယ် သူ အေးအောင် ထန်းလက် ယပ်တောင်ဖြင့် ခပ်နေပါသည် ။ ထိုအချိန်

တွင် သူကြည့်နေသည် မှာ သူ့သား ဂျက်မားကို ဖြစ်ပါသည် ။ ဂျက်မား က အိပ်ရာ အစွန်တစ်ဖက်မှာ ထိုင်နေပါသည် ။ သူသည် လုံခြုံရေး အစောင့်အလုပ်ကို လျှောက်ထားခဲ့ရာ မရကြောင်း သိသည့် အချိန်ဖြစ်ပါသည် ။

"သားလေး ဂျက်မားရေ သားတော့ အလုပ်လျှောက်တာ မရတဲ့ အတွက် အခုအချိန်မှာ စိတ်ပျက်နေမယ် ထင်တယ်။ သားက လုံခြုံရေး အစောင့်တာဝန် လျှောက်တာမရတော့ သားက အဲဒီ အလုပ်မျိုးအတွက် မဟုတ်ဘူး ဆိုတာ သိရတာပေ့ါ။ ဒါပေမဲ့ သားရယ် လမ်းတွေ အားလုံးဟာ ရောမမြို့ဆီကို ဦးတည် သွားနေကြတာပါ။ ဖေဖေက မဂ္ဂဇင်းတိုက်တော်တော်များများ နဲ့ ဆက်သွယ်ထားပါတယ်။ မနက်ဖြန်ကစပြီး သူတို့ မဂ္ဂဇင်းတွေကို သားက တာဝန်ယူ ဖြန့်ပေးရဖို့ စီစဉ်ထားပါတယ်။ အဲဒီအလုပ် ဆိုရင်ကော သားဘယ်လို သဘောရသလဲ"

"တကယ်လား ...ဖေဖေ"

ဟု ပြန်မေးရင်း ဂျက်မားမျက်လုံးအရောင်တွေတောက်လာပါသည် ။

"ဖေဖေက ဘာလို့ ညာရမှာ လဲ။ အဲဒီအလုပ်က ခက်ခဲပါတယ်သား။ သားက နေ့စဉ် သုံးဘီးစက်ဘီးနဲ့ ကီလိုမီတာ အများကြီးကို သွားနိုင်အောင် အားထုတ်ရပါမယ်။ ဒါကြောင့် သားလုပ်မယ် မလုပ်ဘူးဆိုတာ အခု ဆုံးဖြတ်ဖို့ လိုပါတယ်။ ပင်ပန်းတဲ့ အလုပ်ကို သားကကြောက်တယ် ဆိုရင်တော့ နောက်မှ ပြောမယ့်အစား အခုကတည်း ဒီအလုပ်ကို လက်မခံဖို့ ဆုံးဖြတ်ဖို့ လိုပါတယ်"

ဟု ပြောရင်း သူ့ဖခင်က ထရပ်လိုက်ပါသည် ။ ဂျက်မားကလည်း ထရပ်လိုက်ပါသည် ။ ဂျက်မားက သူ့လက်တစ်ဖက်ကို သူ့ဖခင်အား လှမ်း

ပေးလိုက်ပြီး-

"သားမကြောက်ပါဘူး။ သားက ငယ်ပါသေးတယ်။ ပင်ပန်းတဲ့ အလုပ်ကို သားက မကြောက်ပါဘူး။ သုံးဘီး စက်ဘီးလျှောက်စီးတဲ့ အလုပ်ပါ ။ သုံးဘီးစက်ဘီးမှာ တော့ ရိုးရိုး စက်ဘီးထက် ဘီးတစ်လုံး အပိုပါတာသာ ရှိပါတယ်။ သားစက်ဘီးကို ဒီနားတစ်ဝိုက် လျှောက်စီးတဲ့ အခါလည်း တစ်နေ့ကို ကီလိုမီတာ အများကြီး ရောက်တာပါပဲ"

ဟု ပြန်ပြောလိုက်ပါသည် ။

"ဟာ ... သိပ်ကောင်းတယ်ဟေ့။ သားကို ဖေဖေ မနက်ဖြန်မှာ အလုပ် တာဝန်လက်ခံပြီး စတင် အလုပ်ဆင်းဖို့ ခေါ်သွားမယ်"

ဟု ဂျက်မားဖခင်က သူ့သားပခုံးကို အားပေးသည် အနေဖြင့် ဒါမှ ဖေဖေ့သားဆိုသည့် အသွင်ဖြင့် ပုတ်ရင်း ပြောလိုက်ပါသည် ။

နောက်နေ့တွင် အနောက်ရေကန်ကို စက်ဘီးဖြင့် ပတ်စီးတတ်သည့် လူငယ်လေးသည် သုံးဘီး စက်ဘီးစီးသူ ဖြစ်သွားပါတော့သည် ။ သူက အရပ်တွေ ပိုရှည်လာပါသည် ။ သူစီးရသည့် သုံးဘီးစက်ဘီးလေးမှာ အသစ်မဟုတ်ပါ။ စက်ဘီးတာယာမှာ မရေမတွက်နိုင်အောင် ထိခိုက်ထားမှုများ ရှိနေပါသည် ။ ကိုယ်ထည်မှာ လည်း သံချေးတွေ တက်နေပြီး ခြေနင်းကလည်း ကွဲအက်နေပါသည် ။ စက်ဘီးကို နင်းလိုက်သောအခါ သုံးဘီးစက်ဘီးမှာ အသံမျိုးစုံ ထွက်နေပါသည် ။ သုံးဘီးစက်ဘီးအဟောင်းများ သည် အသက်ကြီးသူများ နှင့် ဘာမှ မခြားကြောင်း ဂျက်မားက နားလည်ထားပါသည် ။ ပင်ပန်းသော လုပ်ဆောင်ရမှုများကို နှစ်ပေါင်းများစွာ ရန်းကန်ခဲ့ရသည့် အတွက် အမျိုးမျိုးသော ချို့ယွင်း အဆင်မပြေမှုများ ရှိနေသည် ကို ဂျက်မား သဘောပေါက်ပါသည် ။ ထို့ထက်ပိုဆိုးသည့် အနေအထားမှာ သုံးဘီးစက်ဘီး နောက်ဘက်မှာ မဂ္ဂဇင်းတွေ အပုံ

လိုက်ကြီးက ပါနေပါသည် ။ ဟန်ဖောင်းမှာ ရှိသော စာအုပ် အရောင်း ဆိုင်တိုင်းနှင့် လမ်းဘေး ဈေးဆိုင်များ သို့ ရောက်အောင် ပို့ပေးရ ပါသည် ။ ဟန်ဖောင်း နွေမှာ ပူလောင်လှပါသည် ။ နေရောင်ခြည်များ က လမ်းမပေါ်ရှိ ကတ္တရာ များ အပေါ်သို့ တိုက်ရိုက်ကျသည့် အတွက် က တ္တရာတို့ ကို ရေမြှုပ်ထက် ပျော့လာစေပါသည် ။ ပူပြင်းပြီး ဘာ လေပြည်လေညင်းမှ လည်း မတိုက်ပါ။ အနောက်ကန်ဘေးပတ်လည်မှ ပေါက်နေသော ယိမ်းနွဲ့နေသည့် မိုးမခ ပင်များ ၏ ငိုသံများ သာ ကြား နေရပြီး ကန်ပတ်လည်မှာ လှုပ်ရှားမှုမရှိ ဖြစ်နေပါသည် ။ ပုစဉ်း ရင်ကွဲ အော်သံများကိုသာ အဆက်မပြတ်အောင် ကြားနေရပါသည် ။ ခြစ်ခြစ် တောက် ပူပြင်းလှသည့် နေရောင်အောက်တွင် ဂျက်မားသည် သုံးဘီး စက်ဘီး ခြေနင်းပေါ် တက်လိုက်ပြီး ယာဉ်အသွားအလာများ သည့် လမ်းမတွေဘက်သို့ စီးထွက်သွားပါသည် ။

သားဂျက်မား အိမ်ပြန်လာသည် ကို တစ်နေ့ပြီး တစ်နေ့ မြင်တွေ့နေ ရသော ဖခင်မှာ သူ့သားလက်မောင်း သေးသေးလေးတွေမှာ ချွေးတွေ ရွဲ နေသည် ကို တွေ့ရပါသည် ။ ထို့ကြောင့် သားကို မကြည့်ရက်အောင် ဖြစ်ပါသည် ။ ဂျက်မား ပင်ပန်းနွမ်းနယ်နေမှုတွေက သူ့မျက်နှာတွင် အ ထင်းသား ပေါ်လွင်နေပါသည် ။ သူ့ပခုံး အထက်မှာ ရှိသော အရေပြား မှာ နေလောင်ထားသည့် အပူကြောင့် ကွဲအက် ကြမ်းတမ်း ပြုတ်ထနေ ပါသည် ။ ထိုသို့သော မြင်ကွင်းကြောင့် ဂျက်မား၏ ဖခင်မှာ စိတ်တွေ များ စွာ ထိခိုက်မှု ဖြစ်ပါသည် ။

"သားရေ အလုပ်လုပ်ရတာ ဘယ်လိုလဲ"

ဟု မေးလိုက်ပါသည် ။ ထိုအခါ သားဖြစ်သူ ဂျက်မားက- "အားလုံး အဆင်ပြေပါတယ် ... မဆိုးပါဘူး"

ဟု ပြန်ဖြေပါသည် ။ သားက ထိုကဲ့သို့ ပြန်ဖြေလိုက်သောအခါ ဖခင်မှာ ဘာပြန်ပြောရမှန်းပင် မသိအောင် ဖြစ်သွားပါသည် ။

ညနေဘက် ရောက်သောအခါ ဂျက်မား၏ ဖခင်သည် သူ့သား အိပ်ရာဘေးတွင် ဝင်ထိုင်ရင်း သူ့သားပခုံးကို အသာအယာပွတ်ပေးရင်း "တစ်နေ့ကို ကီလိုမီတာ ဒါဇင်ပေါင်းများ စွာ စက်ဘီးစီးနေရတာ သိပ်ပင်ပန်းပါတယ်ကွာ၊ သားက တက္ကသိုလ်တက်ဖို့ အဲဒီလောက် ဘာကြောင့် အားမထုတ်နိုင်ရတာလဲ။ အခု သားစက်ဘီးစီးပြီး သွားလာနေရတာထက် ပိုပင်ပန်းမယ် ထင်လို့ လား" ဟု ဖခင်က မေးလိုက်ပါသည် ။

ဖခင်က စကားကို အေးဆေးချိုသာစွာ ပြောပါသည် ။ သို့သော် ပြောသော စကားများမှာ ဂျက်မားကို အားမလို အားမရ အပြစ်ပြောနေသလို ဖြစ်နေပါသည် ။ ညလည်သန်းခေါင်အချိန် အာလုံးတိတ်ဆိတ်နေသော အချိန်တွင် ဂျက်မားသည် အိပ်ရာထဲတွင် မအိပ်နိုင်ပါ။ ဟိုလိုမှ ဒီလူးဖြစ်နေပါသည် ။ သူ့ဖခင်ပြောသော စကားမှာ မှန်ပါသည် ။ ဂျက်မားမှာ သင်္ချာတစ်ဘာသာသာ တိုးတက်အောင်လုပ်ဖို့ လိုနေတာလား။ အခြားကျောင်းသားတွေက စာမေးပွဲမှာ ကောင်းစွာ ဖြေနိုင်သည့် အချိန်မှာ မိမိက ဘာကြောင့် မဖြေနိုင်ရတာလဲ စသဖြင့် ဂျက်မားအတွေးတွေ ဝင်နေမိပါသည် ။

နောက်နေ့ မနက်တွက် ဂျက်မားသည် သင်္ချာဆိုင်ရာ စာအုပ်များကို ပြန်လည် စုစည်းလိုက်ပါသည် ။ ညနေတိုင်းတွင် ခက်ခဲသော ညီမျှခြင်းများကို တွက်ချက်ပါသည် ။ သူ့ဘဝသည် ထိုညီမျှခြင်းများ အပေါ်တွင် တည် နေသကဲ့သို့ လေ့လာ တွက်ချက်နေပါသည် ။ သူ့ဖခင်က သဘောကျပါသည် ။ ကျန်မိသားစုများကိုလည်း သူ့သားကို အနှောင့်အယှက် မပေးရန် အချက်ပြထားပါသည် ။

ထိုနှစ်တွင် ဂျက်မားသည် နေ့ပိုင်းတွင် စက်ဘီးစီးပြီး မဂ္ဂဇင်းများ လိုက်လံပို့သည့် အလုပ်ကို ပြုလုပ်ပြီး ညဘက်တွင် ကျောင်းစာများ လေ့လာသည့် အလုပ်ကို လုပ်ပါသည် ။ သို့သော် သူ့မှာ ဖြစ်နေသည့် သင်္ချာမှာ နဂိုကတည်း အားနည်းမှုသည် နောက်ဆုံး အချိန်ရောက်မှ အာပူတိုက် ကျက်မှတ်ပြီး ဖြေရှင်းမရခဲ့ပါ။ ထို့ကြောင့် တက္ကသိုလ်ဝင်ခွင့် သင်္ချာဘာသာတွင် အမှတ် ၁၉ မှတ်သာ ရပါသည် ။ တက္ကသိုလ်ဝင်ခွင့် ဖြေရသော ဘာသာရပ် အားလုံးရသည့် အမှတ်တွေ ပေါင်းလိုက်သောအခါ သူ့ရမှတ်များ သည် တက္ကသိုလ်တွင် ဘွဲ့ကြို သင်တန်းဝင်ခွင့် ရဖို့အတွက် အနိမ့်ဆုံး ဝင်နိုင်သည့် ရမှတ်ရဖို့ အမှတ် ၁၄ဂ လိုနေပါသည် ။ ထိုမရ နိုင်သည့် အခြေအနေနှင့် ဂျက်မား၏ ရမှတ်များက ဂျက်မားဖခင်၏ စိတ်ကူး အိပ်မက်များကို တစ်စစီ ကြေမွကုန်စေပါသည် ။ ထို့နောက် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲဖြေဆိုရန် ဂျက်မားကို ဘယ်သူကမှ မတိုက်တွန်းတော့ပါ။ သို့သော်လည်း ဂျက်မားသည် စိတ်ထဲမှာ ပိုင်နိုင်စွာ ဆုံးဖြတ်ထားပြီး နောက်တစ်ကြိမ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုရန် အားလုံးကို ပြင်ဆင် ထားပါသည် ။

ဒုတိယအကြိမ် ထပ်မံ ကျရှုံးသောအခါ မိသားစုဝင်များက ဂျက်မားကို ထောက်ခံအားပေးခြင်း မလုပ်တော့ပါ။ ထိုအချိန်တွက် ဂျက်မားကို အားပေး ထောက်ခံနေသူမှာ သူ့ဖခင် ဖြစ်ပါသည် ။ မဂ္ဂဇင်းများကို စက်ဘီးဖြင့် လိုက်လံပို့ပေးသည့် အလုပ်မှ နှုတ်ထွက်ခွင့် တောင်းသည့် စာကို ဂျက်မား ကိုယ်စားဖခင်က သွားတင် ပေးလိုက်ပါသည် ။ ပထမတန်းစား သင်္ချာကျူတာ ဆရာတစ်ယောက်ကိုလည်း သားအတွက် ငှားပေးပါသည် ။

သင်္ချာကျူတာ ဆရာ၏ သင်ပြမှုကောင်းသတင်းမှာ အများ သိပါသည် ။ တစ်ပတ်ကို နှစ်ကြိမ် သင်ရပါသည် ။ သင်္ချာဆရာ၏ ရယ်မော

စရာများ ဖြင့် စိတ်ဝင်စားအောင် ပြောတတ်မှုများကြောင့် ဂျက်မားသည် သင်္ချာတွင် ပိုစိတ်ဝင်စားမှု ရှိလာပါသည် ။ ကျောင်းသားတစ်ယောက် အတွက် ဘာသာရပ်တွင် စိတ်ဝင်စားမှုမှာ အခြားအရာများ ထက် ပို အရေးကြီးပါသည် ။

အက္ခရာ သင်္ချာမှာ ပါသော ညီမျှခြင်းများကို ယခင်က ဂျက်မား အနေဖြင့် ပင်ပန်းသော ကိစ္စများ အဖြစ် သဘောထားခဲ့ရာမှ ယခုအခါ အမြင်သစ်ဖြင့် မြင် လာပြီး အက္ခရာ သင်္ချာညီမျှခြင်းများကို ငန်းငန်း တက် ဖြေရှင်းချင်သော စိတ်များ ပင် ဖြစ်လာစေခဲ့ပါသည် ။ ဂျက်မားသည် သူ့ကိုယ်သူ ထိုကဲ့သို့ ပြင်ဆင်လာသည့် အတွက် သင်္ချာတွင် တိုးတက်လာ စေခဲ့ပါသည် ။ သို့သော် အင်္ဂလိပ်စာမှာ တော့ အခြားသူများ ထက် အစဉ်အမြဲ ရှေ့ဆုံး ရောက်နေပါသည် ။

ထိုနှစ်တွင် ဂျက်မားသည် ဟန်ဇောင်း တက္ကသိုလ်ခန်းမတွင်းသို့ ထပ်ဝင်ခဲ့ပါသည် ။ သူ့ဖခင်က သူနှင့် အတူ လိုက် လာပြီး ဘာမှ မပြောဘဲ ခန်းမအပြင်ဘက်တွင် ရပ်နေပါသည် ။ ဇူလိုင်နေမှာ ပူပြင်းလှပြီး သူ့ခေါင်းပေါ်က ငွေရောင်ဆံပင်တွေအပေါ် ကျရောက်ပြီး အရောင်လက်နေပါသည် ။ သူကသားကို လက်ပြ နှုတ်ဆက်အားပေးပါသည် ။ သို့သော် ဂျက်မားက ခန်းမထဲသို့ စိုက်စိုက်မတ်မတ် ဝင်သွားပါသည် ။ နောက်သို့ လှည့်မကြည့်ပါ။ ဂျက်မားသည် သူ့မှာ ပါလာသော ပစ္စည်းများကို ကြမ်းပေါ်မှာ တင်ထားလိုက်ပြီး သူ့အမည် ရေးထားသော ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပါသည် ။ ထိုအချိန်မှာ ၁၉၈၄ ခုနှစ်က ဖြစ်ကောင်း ဖြစ်နိုင်ပါသည် ။ ယန်စီမြစ်၏ တောင်ဘက်တွင် တည်ရှိသည့် အတွက် ဟန်ဇောင်းသည် ကျက်သရေရှိပြီး ခံ့ထည်သော နေရာ တစ်နေရာ ဖြစ်နေပါသည် ။ ထိုအခြေအနေကြောင့် လူတွေစိတ်ထဲမှာ လွတ်လပ် ပေ့ါပါးစေပါသည် ။ လမ်းမတွေမှာ တရုတ်ပြည်မှာ ထင်ရှား လူကြိုက်များ သော

စားစရာတွေကို တင်ရောင်းနေသည့် ဈေးဆိုင်တန်းတွေ အများကြီးရှိပါသည် ။ ပတ်လည်မှာ ကြည့်လိုက်ပါက လှပသော မြင်ကွင်းတွေ များ စွာရှိပါသည် ။ ဤနေရာသည် သုတ်သီးသုတ်ပျာ သွားလာနေခြင်း မရှိသလို ပျင်းစရာ လေးတိလေးတွဲနေသည့် သဘောလည်း မဟုတ်ပါ။ လမ်းဘေးတွင် ဖြတ်သွား နေကြသူများမှာ အေးဆေးသက်သာစွာ လျှောက်နေကြပါသည် ။ ဟန်ဇောင်းက လူတွေသည် မွေးကတည်းက အတွင်းစိတ်ထား အေးဆေး သူများ အဖြစ် အေးဆေးစွာ သွားလာနေကြပါသည် ။ အမှန်မှာ ပတ်ဝန်းကျင်က အေးချမ်း ငြိမ်သက်မှုကြောင့် လူတွေမှာ လည်း အေးချမ်း ငြိမ်သက်မှုများ ခံစားနေရခြင်း ဖြစ်နိုင်ပါသည် ။ ဒေါသထွက်ခြင်း မဖြစ်ကြပါ။ ထို့ကြောင့် ဂျက်မားသည် သူဖြေထားသည့် ရလဒ်ကို လက်ခံရသောအခါ ထိုစာရွက်ကို စားပွဲပေါ် မတင်မီ သေချာကြည့်ပါသည် ထိုအချိန်မှာ ပိုစိတ်ပူလှုပ်ရှားနေသူမှာ သူ့ဖခင်ဖြစ်ပါသည် ။ "သားသင်္ချာမှာ ဘယ်လောက်ရသလဲ" ဟု မေးလိုက်ပါသည် ။

ဂျက်မားဘဝတွင် အပြောင်းအလဲ ဖြစ်လာပါတော့သည် ။ အနည်းဆုံး တက္ကသိုလ်တက်ရန် လျှောက်ထားသည့် လုပ်ငန်းတွင် အလှည့်အပြောင်းတစ်ခု ဖြစ်လာခဲ့ပါသည် ။ စာမေးပွဲတွင် အောင်မှတ်ရသူတွေကတော့ တက္ကသိုလ်ကို ဘာအခက်အခဲမှ မရှိဘဲ ဝင်နိုင်ကြပါသည် ။ ကျရှုံးသူတွေအတွက်မှာ မူကား ဘာမျှော်လင့်ချက်မှ မရှိပါ။ တက္ကသိုလ် ဝင်ခွင့်ရအောင် သုံးနှစ်ဖြေသူတွေ ဆိုသည် မှာ ရှားပါသည် ။ ထိုအထဲတွင် ဂျက်မား မှာ တစ်ယောက် ဖြစ်ပါသည် ။ သုံးကြိမ်တိုင် ဖြေရသည် မှာ သင်္ချာဘာသာကြောင့် ဖြစ်ပါသည် ။

"၇၉" မှတ်ဟု ဂျက်မားက သူ့ရမှတ်များကို ပြလိုက်ပါသည် ။ ထိုအတိုင်း အမှတ်တွေရခြင်းမှာ မျှော်လင့်ထားသည့် အတိုင်း ရသကဲ့သို့

ပြောလိုက်ခြင်း ဖြစ်ပါသည် ။ ထို့အတွက် ဘာမှ ပျာလောင်မခတ်သည့် အနေဖြင့် ပြောလိုက်ခြင်း ဖြစ်ပါသည် ။

ထိုကဲ့သို့ ရမှတ်တွေ ထွက်လာသည့် အတွက် သူ့အလုပ်မှ ထွက်လိုက်ရကျိုး နပ်သွားပါတော့သည် ။ အလုပ်တစ်ဖက်နှင့် စာကိုလည်း လေ့လာခဲ့ရသော နှစ်မှာ အကျိုးမဲ့ မဖြစ်တော့ပါ။ သူ့ကို သင်္ချာသင်ပေးသည့် ဆရာကျူတာမှာ တကယ်တော်သူ တစ်ယောက် ဖြစ်ပါသည် ။ ဆရာရော တပည့်ပါ အားထုတ်ခဲ့မှုများ ၊ အချိန်ပေး လုပ်ဆောင်ခဲ့မှုများ သည့် နောက်ဆုံးတွင် အရာထင်လာပါတော့သည် ။ သင်္ချာတွင် ရမှတ် ၁၉မှတ်နှင့် ၇၉မှတ်ကြားမှာ အချိန်နှစ်နှစ်ကြား ဟာသွားခဲ့ပါသည် ။ သို့သော် ရလာသော ရလဒ်များ လုံး၀ မတူခြားနားသည့် ရလဒ်ကို ရစေခဲ့ပါသည် ။ သင်္ချာတွင် ရမှတ်များ တက်လာမှုကြောင့် ရမှတ် အားလုံး စုစုပေါင်း လိုက်သောအခါ တက္ကသိုလ်ကို ၀င်ခွင့်အနိမ့်ဆုံး ရမှတ်ဖြည့်ရန် ငါးမှတ်သာ လိုပါတော့သည် ။

တက္ကသိုလ်၀င်ခွင့် စာမေးပွဲဖြေသူများက ငါးမှတ်သာလိုသည် ဆိုသော်လည်း ၀င်ခွင့်မရနိုင်သည် ကို ကောင်းစွာ သိနေကြပါသည် ။ ငါးမှတ်ကလည်း ခြားနားမှုများ စွာကို ဖြစ်စေပါသည် ။ ကျောင်းသား အများစုအတွက် ထိုလိုနေသော ငါးမှတ်သည် သူတို့ မျှော်မှန်းထားသည့် တောင်ထိပ်သို့ရောက်ရန် အဟန့်အတား ဖြစ်နေနိုင်ပါသည် ။ တောင်ထိပ်ရောက်ရန် ကြိုးစား အားထုတ်တက်ခဲ့ပါလျက် နောက်ဆုံး ရောက်ခါနီးမှ အဆင့်မမီဖြစ်ပြီး သူတို့ ဘ၀တိုးတက်ရေး အခွင့်အလမ်းများ ဆုံးရှုံးခဲ့ပါသည် ။

ဖြစ်ရပ်မှန်အကြောင်း ပြောပြပြီးနောက် လူတို့ တွင် ကံတရားကလည်း လိုအပ်သော အစိတ်အပိုင်း တစ်ခုဖြစ်ကြောင်း ပြောပြချင်

ပါသည် ။ ထိုနှစ်တွင် ဘွဲ့ကြို သင်တန်းအတွက် သင်တန်းသား အရေအတွက် လိုနေသဖြင့် ဟန်ဇောင်း တက္ကသိုလ်က တက္ကသိုလ်ဝင်ခွင့် အနိမ့်ဆုံးရမှတ်ကို ငါးမှတ် လျှော့သတ်မှတ်ရန် ဆုံးဖြတ်လိုက်ပါသည် ။

ထို့ကြောင့် ဟန်ဇောင်းတက္ကသိုလ် ဘွဲ့ကြိုတင်တန်းသို့ ဂျက်မား ဝင်ခွင့် ရသွားပါတော့သည် ။ လူ့အသိုင်းအဝိုင်းမှာ အလေးထား တန်ဖိုးထားသည့် လူတစ်ယောက် ဖြစ်လာစေရန် ထိုနှစ် ဩဂုတ်လတွင် တက္ကသိုလ်၏ ခံ့ထည်သော ဆင်ဝင်အောက်သို့ ဝင်ရောက်နိုင်ခဲ့ပါသည် ။

ဖခင်ဖြစ်သူ လိုက်ဖာမသည် သူ့သား တက္ကသိုလ်ကို ထတက်ရန် ထွက်သွားသည် ကို ကြည့်ရင်း သူ့စိတ်မှာ သက်သာရာများ စွာ ရသွားသည် ကို တွေ့ရပါသည် ။ သူ့သားမှာ ရှိသော အစွမ်းအစများ ပေါ်ထွက်လာစေရန် သူနှစ်မြှုပ်ခဲ့ရသည့် သွေး၊ ချွေးနှင့် မျက်ရည်များမှာ အချည်းအနှီး မဖြစ်တော့ပါ။ ယခုအခါမှာ သူသည် သားဂျက်မားအနေဖြင့် သူ့အသိုက်မှ အမှန်တကယ် ပျံထွက်သွားနိုင်သည် ကို တွေ့ရပါပြီ။ ထိုနေ့ညက ဖခင်သည် မျက်တောင်တစ်ခတ်၊ တစ်မှေးလေးတောင် မအိပ်နိုင်ခဲ့ပါ။

အမှန်ပင် ထိုအချိန်များ သည် ဂျက်မားအတွက်လည်း အရေးကြီး ပါသည် ။ အသိုက်ကို စွန့်ခွာပြီး စိတ်ကူး အိပ်မက်မက်ခဲ့ရသော တက္ကသိုလ်ကို တက်ရောက်ရသည့် အတွက် မိမိကိုယ် မိမိယုံကြည်မှုတွေ အများကြီး တိုးတက်လာခဲ့ပါသည် ။ လောကမှာ မကျော်လွှားနိုင်သည့် အရာဆိုတာ ဘာမှ မရှိသည် ကို ဂျက်မားကောင်းစွာ နားလည်လာခဲ့ပါသည် ။ သင်္ချာမှာ ၁၉ မှတ်မှ ၇၉ မှတ်ရအောင် ဂျက်မား အားထုတ်မှုတွေ အများကြီး ပြုလုပ်ခဲ့ရပါသည် ။ သို့သော် ယခုအချိန် ထိုအခြေအနေတွေကို ပြန်ကြည့် လိုက်သောအခါ အချိန်တွေ ကုန်သွားတာ ဖျတ်ခနဲ လင်းလက်လိုက်သည့် တစ်ခဏ အချိန်လောက်သာ ကြာသည် ဟု

ထင်မြင်ရပါသည် ။

ဂျက်မားအောင်မြင်မှု၏ သော့ချက်မှာ ဘယ်တော့မှ လက်မြှောက်အရှုံးမပေးသည့် စိတ်ဖြစ်ပါသည် ။ နောက်နှစ်ပေါင်းများ စွာ ကြာပြီး ဂျက်မားဘဝမှာ အလွန် မြင့်မားသည့် နေရာသို့ ရောက်သောအခါ သူ့ဖခင်ကို အမှတ်တရ အနေဖြင့် သူ့ဘလော့ဂ်ထဲတွင် အောက်ပါစာသားကို ရေးတင်ခဲ့ပါသည် ။ "အဲဒီအချိန်မှာ ကျွန်တော်က အသက် ၁၂ နှစ်သာ ရှိပါသေးတယ်။ ဒါပေမဲ့ ကျွန်တော့်ဘဝက ဒဏ္ဍာရီပုံပြင်ဖြစ်တဲ့ တစ်ထောင့်တစ်ည ပုံပြင်ထဲမှ ပုံပြင်နဲ့ တူနေပါတယ်။ "Open sesame" လို့ ပြောရမယ့် ဒဏ္ဍာရီပုံပြင်နဲ့ တူနေပါတယ်။ အလွန်ကြီးမားတဲ့ အပြောင်းအလဲတွေ အများကြီး ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်စိတ်မှာ မိမိကိုယ် မိမိ မယုံကြည်မှု တစ်စက်လေးတောင် မဖြစ်ခဲ့ပါဘူး။ ဘာကြောင့် လဲဆိုတော့ ကျွန်တော့်ဖခင်က သူ့ပေါက်တူးနဲ့ ကျွန်တော့်ဘဝ အောင်မြင်မှုဆိုတဲ့ ရလဒ်ရအောင် နှစ်ပေါင်းများ စွာ တူးဆွ လုပ်ဆောင်ပေးခဲ့တဲ့ အတွက် ဖြစ်ပါတယ်။ မိမိ စိတ်ဝင်စားတာကို အမှန်တကယ်ရှာပြီး လုပ်ဆောင်ဖို့ လိုတယ်ဆိုတာကို ဖေဖေက ကောင်းကောင်း သိပါတယ်။ စိတ်ဝင်စားတာကို ရှာပြီး မိမိ အစွမ်းအစတွေကို အပြည့်အဝ ထည့်လုပ်ကိုင်ဖို့ လိုအပ်ပါတယ်။ တကယ်တော့ မိမိစွမ်းဆောင်ရည်က မိမိအောင်မြင်မှုအတွက် အရေးအကြီးဆုံး အခန်းက ပါဝင်ပါတယ်" ဟု ရေးသားဖော်ပြခဲ့ပါသည် ။

ဟန်ဇောင်းတက္ကသိုလ် တတိယနှစ် အရောက်တွင် ဂျက်မားသည် ကျောင်းသား ယူနီယံတွင် ဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရပါသည် ။ ထိုအချိန်မှာ ဟန်ဇောင်းတက္ကသိုလ် ကျောင်းသားများ ဖက်ဒရေးရှင်းတွင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရပြီးနောက် သိပ်မကြာသေးသော အချိန် ဖြစ်ပါသည် ။

ငယ်စဉ်ကတည်းကစပြီး ဂျက်မားသည် တရားမျှတမှုအတွက် အစဉ်တစိုက် တိုက်ပွဲဝင်ခဲ့သူ ဖြစ်ပါသည် ။ ထိုသို့ ပြုလုပ်သည် မှာ အခြား လူများကို ကူညီလိုသည့် အတွက် ဖြစ်ပါသည် ။ သူများကို ကူညီတတ်သော စိတ်ကြောင့် ကျောင်းသားအများကလည်း သူ့ကို လိုလား သဘောကျကြပါသည် ။

တစ်ချိန်တွင် ကျောင်းသားတစ်ယောက်မှာ ကြီးမားသောအမှား ပြုလုပ်မိမှုကြောင့် ထိုကျောင်းသားမှာ စာမေးပွဲဖြေဆိုခွင့် ပိတ်ပင်ခံရပါသည် ။ ထိုကျောင်းသားကို ဂျက်မား ကောင်းကောင်း မသိပါ။ တစ်ယောက်နှင့် တစ်ယောက် အဆက်အသွယ် အထိအတွေ့ သိပ်မရှိခဲ့ပါ။ ဂျက်မားက ထိုကျောင်းသားသည် လူဆိုးတစ်ယောက် မဟုတ်ဟု ခံစားရပါသည် ။ စာမေးပွဲ ဖြေဆိုခွင့် မရလိုက်မှုသည် သူ့ဘဝအပေါ် သက်ရောက်မှုများ ဖြစ် စေနိုင်သည် ကို နားလည် စာနာသည့် အတွက် ထိုကျောင်းသား အခြေအနေကို ရပ်ကြည့် မနေနိုင်တော့ပါ။ အကူအညီ လိုနေသော မိတ်ဆွေ တစ်ယောက်ကို ကူညီရန် တာဝန်ရှိသည် ဟု ခံယူလိုက်ပါသည် ။ ကျောင်းသား ယူနီယံ ဥက္ကဋ္ဌဖြစ်သည် ကို အခွင့်ယူပြီး သက်ဆိုင်ရာဌာန အကြီးအကဲနှင့် သွားတွေ့ပါသည် ။

ထိုအချိန်တွင် ဟန်ဇောင်းတက္ကသိုလ်တွင် ထင်ရှားသည့် ကျောင်းသားအဖြစ် ဂျက်မားကိုအများက သိနေကြပါသည် ။ သူ့ပညာရေးမှာ ထူးချွန်မှု၊ ရဲရင့်သော ကိုယ်ရည်ကိုယ်သွေးနှင့် မိန့်ခွန်းပြောသည့် အခါ ထက်မြက်အား ကောင်းမှုများက ဂျက်မားကို စံပြကျောင်းသားအဖြစ် အသိအမှတ် ပြုလာစေပါသည် ။ ထို့ကြောင့် ပညာသင်ဌာနများမှ အကြီးအကဲများကလည်း သူ့ကို အာရုံစိုက် မိလာစေပါသည် ။ ဂျက်မား တင်ပြချက်ကြောင့် အခြေအနေကို ပြန်လည် သုံးသပ်သောအခါ ဂျက်မား တင်ပြချက်များက ကျိုးကြောင်း ညီညွတ်ဆီလျော်မှု ရှိသည့် အတွက် အ

သေးအမွှား ကိစ္စကြောင့် လူငယ်တစ်ယောက်၏ ဘဝကို ဖျက်ဆီးသလို မျိုး ဖြစ်အောင် အောင်မြင်နေသော ပညာပေး ဌာနတစ်ခုအနေဖြင့် မလု ပ်သင့်ကြောင်း ဆုံးဖြတ်လိုက်ပါသည် ။ ဌာနအကြီးအကဲများက သူတို့ စ ဉ်းစားထားမှုကို ပြန်လည် ပြင်ဆင်ရန် ဆုံးဖြတ်လိုက်သည့် အတွက် ထို လူငယ်သည် ဘွဲ့အတွက် စာမေးပွဲကို ဖြေဆိုခွင့်ရပြီး အောင်မြင် သွားခဲ့ ပါသည် ။ ဂျက်မားက ထိုသို့ ကူညီပြီး ထိုအကြောင်းကို မေ့သွားခဲ့ ပါသည် ။ နောက်ထပ် ဆယ်နှစ် ခန့်ကြာသောအခါ ဂျက်မား ကူညီလိုက် သော ကျောင်းသားက ဂျက်မားသည် တိုးတက် စည်ကားနေသော ရှန်ဇ န်မြို့ထဲတွင် သွားလာလှုပ်ရှားနေကြောင်း ကြားပါသည် ။ ဂျက်မားကို တွေ့လိုက်သည် နှင့် သူ့လက်နှစ်ဖက်ကို ပူးလိုက်ပြီး "ကျွန်တော့် အတန်းသား ငယ်သူငယ်ချင်းက ခင်ဗျားဒီမြို့မှာ ရှိနေကြောင်း ပြော ပြောချင်း ကျွန်တော် ခင်ဗျားကို အပြေး လာတွေ့တာပါ။ ခင်ဗျား အတွက် ဒီမှာ လိုတာရှိရင် ပြောပြပါ။ အဆင်ပြေအောင် ကျွန်တော် လုပ် ပေးပါမယ်" ဟု ပြောလိုက်ပါသည် ။

ထိုအချိန်တွင် ဂျက်မားမှာ မအောင်မြင်သေးပါ။ ခက်ခဲနေသည့် အချိ န်တွင် စစ်မှန်သော မိတ်ဆွေကို တွေ့ရသည် မှာ ဂျက်မားအတွက် အလွန်ကြည်နူး အားတက်စရာ ဖြစ်စေပါသည် ။ လွန်ခဲ့သော နှစ်ပေါင်း များ စွာက ကျောင်းသားသည် ထိုအချိန်တွင် ဂေါင်ဇောင်းရှိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းခွဲ တစ်ခု၏ မန်နေဂျာ ဖြစ်နေပါသည် ။

တက္ကသိုလ် တက်နေစဉ်ကလည်း ဂျက်မားသည် ဆရာအများ နှင့် သူငယ်ချင်း အများ ၏ ချီးကျူး တန်ဖိုးထားခြင်းကို ခံရသူဖြစ်ပါသည် ။ တက္ကသိုလ်မှ ဘွဲ့ရပြီးသည့် နောက် နှစ်များ တွင် လည်း သူသည် မမျှော် လင့်ဘဲ တယ်လီဖုန်းခေါ်မှုတွေကို မကြာမကြာ လက်ခံရပါသည် ။ "အ လုပ်အကိုင် ဘယ်လိုလဲ။ ကျွန်တော်တို့ အနေဖြင့် ကူညီနိုင်တာဆိုရင်

ပြောပါနော် ကူညီနိုင်တာဆိုရင် ကျွန်တော်တို့ က ကူညီမှာ ပါ" ဟု ပြော လာတတ်ပါသည် ။

ဂျက်မားမှာ သူငယ်ချင်း အသိုင်းအဝိုင်း ကျယ်ပြန့်ပြီး သူများ တွေကို ကူညီတတ်သော စိတ်ကြောင့် သက်တူရွယ်တူများကလည်း ဂျက်မားကို လေးစားချစ်ခင် ထောက်ခံအားပေး ကြပါသည် ။ ကျောင်းသားယူနီယံ အဖွဲ့၏ ဥက္ကဋ္ဌအဖြစ်နှင့် လည်း လူသိများ ပြီး ဂျက်မား၏ ထင်ပေါ်ကျော် ကြားမှုမှာ တက္ကသိုလ်တစ်ခုလုံး ပြန့်နှံ့ခဲ့ပါသည် ။

ဟန်ဇောင်းတက္ကသိုလ် ကျောင်းသားများက ဂျက်မားကို ချီးကျူး အားပေးကြပါသည် ။ သူ၏ ကိုယ်ရည် ကိုယ်သွေး လက္ခဏာများကြောင့် သူသည် ဟန်ဇောင်းတက္ကသိုလ် ကျောင်းသားများ ၏ ခေါင်းဆောင် ဖြစ် ခဲ့ပါသည် ။ ထို့နောက် ထိုတက္ကသိုလ်ကျောင်းသား ယူနီယံဥက္ကဋ္ဌ ဖြစ် လာပါသည် ။ ထို့နောက် ဟန်ဇောင်း တစ်မြို့လုံးမှာ ရှိသော တက္ကသိုလ် များ အားလုံး၏ ကျောင်းသား ခေါင်းဆောင် ဖြစ်လာခဲ့ပါသည် ။

လူတစ်ယောက်၏ သဘာဝကို ပြောင်းရသည် ထက် တောင်ကြီး တစ်တောင်လုံး ရွှေ့ရသည် က လွယ်ကူပါသည် ။ ဂျက်မားသည် သူ့ အသွေးအသားတွေထဲမှာ စီးဆင်းနေသည့် ကူညီတတ်သော သွေးသား ကိုယ်ရည် ကိုယ်သွေးများကို မပြောင်းနိုင်ပါ။ နောက်ပိုင်း သူ့ဘဝတွင် သူသွား လေရာရာမှာ မိတ်ဆွေတွေ ဝိုင်းဝိုင်း လည်နေတတ်ပါသည် ။ သူ့အမည်ဖြင့် ပဲနိ တစ်ပြားတစ်ချပ်မှ မရှိသော်လည်း မိတ်ဆွေများက နွေးထွေးမှုဖြင့် သူ့ကို အစဉ်အမြဲ ဆက်ဆံကြပါသည် ။ ထိုသို့ နွေးထွေးမှု များ ပေးကြသည် မှာ နေမှ အလင်းနှင့် အနွေးဓာတ်ကို ရသလို ဖြစ်ပါသ ည် ။ ထိုအခြေအနေများကြောင့် သူ့ဘဝမှာ အဓိပ္ပာယ် ရှိလာစေပါသည် ။ ဂျက်မားအနေဖြင့် အလုပ်စတင် ထူထောင်ခါစက အခက်အခဲများ စွာ

တွေ့ခဲ့ပြီး ထိုအခက်အခဲများကို ရင်ဆိုင် ကျော်လွှားနိုင်ခဲ့သည် မှာ မိတ်ဆွေ သူငယ်ချင်း အသိုင်းအဝိုင်း ကောင်းသောကြောင့် ဖြစ်ပါသည် ။ ဘယ်လို အခြေအနေမှာ မဆို သူငယ်ချင်းကောင်းများ အနေဖြင့် ဂျက် မားကို ဝိုင်းကူညီ အားပေးကြသည့် အတွက် ဖြစ်ပါသည် ။

ဘဝဆိုသည် မှာ ကြိုတင် မခန့်မှန်းနိုင်ပါ။ မနေ့က ဖြစ်ပျက်ခဲ့သည် များကို ပြန်လည် စဉ်းစား သုံးသပ်ကြည့်လိုက်ပါက ဝမ်းနည်းစရာ၊ နောင်တ ရစရာများ ရှိမှာ ဖြစ်ပါသည် ။ မနက်ဖြန်တွင် ဖြစ်လာမှာ များ အတွက် ပြင်ဆင်သည့် အနေဖြင့် ဒီနေ့ ဘာတွေလုပ်သင့်သည် ကို ဘယ် သူများ ကြိုတင် ခန့်မှန်း ပြောပြနိုင်ပါသလဲ။ ကလေးဘဝ အစောပိုင်း အ ရွယ်ကတည်းက ဂျက်မားသည် ထိုကဲ့သို့သော ထိုးထွင်း သိမြင်မှုများကို စတင်ပြနိုင်ခဲ့သူ ဖြစ်ပါသည် ။

တက္ကသိုလ်များ သည် အခြားလူမှု အဝိုင်းအဝန်းများ နှင့် နှိုင်းယှဉ်လို က်ပါက လွတ်လပ်မှုပိုရှိသော နေရာများ ဖြစ်ပါသည် ။ တက္ကသိုလ်တွင် ကျောင်းသားများ ၏ စိတ်မှာ အသိအမြင်များ စုဆောင်းခြင်း၊ တိုးချဲ့ လုပ်ဆောင်ခြင်းများ ပြုလုပ်ရန် လှုံ့ဆော်ခံနေရသည့် ပတ်ဝန်းကျင် ဖြစ် ပါသည် ။ ကျောင်းသားများ ဦးစီး လုပ်ဆောင်သည့် ဖြစ်ရပ်တွေများ စွာ ရှိပါသည် ။ ထိုပွဲမျိုးကို ဂျက်မား တက်ရောက်ပါက သူသည် အားလုံး၏ အာရုံ စူးစိုက် အလေးပေးခံရသည့် လူဖြစ်လာပါသည် ။ ဂျက်မား၏ ဂုဏ်သိက္ခာ ထိန်းသိမ်းမှုကြောင့် ကျောင်းသားများက သူ့ကို ချစ်ခင်လေး စား တန်ဖိုးထားကြပါသည် ။ ဂျက်မားမှာ အသက်ဝင်အောင်၊ စိတ်ဝင် စားအောင် ပြောဟောနိုင်သူ တစ်ယောက်ဖြစ်ပါသည် ။ သူစတင်စကား ပြောလိုက်သည် နှင့် ကျောင်းသားများက သူပြောဆိုချက်ကို ကောင်းစွာ နားထောင်ရန် ငြိမ်လိုက်ကြပါသည် ။ သူပြောသည့် စကားများက ကျော င်းသားများကို ဖမ်းစားနိုင်ပါသည် ။ သူက စကားပြောလျှင် မြန်ပါသည်

။ သို့သော် ရှင်းလင်းအောင် ပြောပါသည် ။ ထိုးထွင်း သိမြင်စေသော ဘာသာစကားကို သုံးတတ်ပါသည် ။ အကြောင်းအရာ အခြေအနေများ နှင့် ပတ်သက်ပြီး အခြား ရှုထောင့်များကိုလည်း တင်ပြတတ်ပါသည် ။

တစ်ချိန်မှာ ဂျက်မားသည် စကားပြောနေစဉ် မည်းမှောင်နေသော ပ ရိသတ်ထဲသို့ မျက်လုံး စူးစိုက် ကြည့်လိုက်မိပါသည် ။ ရုတ်တရက်မှာ ပင် မည်းမှောင် တောက်ပနေသော မျက်လုံးတစ်စုံနှင့် အကြည့်ချင်း ဆုံ နေပါသည် ။ တပည့် ကျောင်းသားများမှာ ကျောက်မျက် အမည်းရောင် လေးတွေ ကဲ့သို့ မျက်လုံးတွေ တောက်ပနေပြီး ရိုးသား ဖြူစင်မှုအပြည့် ရှိကြပါသည် ။ မျှော်လင့်ချက် ရောင်စဉ်တန်းလေး နှစ်ခုဖြစ်နေပါသည် ။ မျက်လုံးတွေသာ နှလုံးသားကို ကြည့်သော တံခါးတွေ ဖြစ်ပါက ထိုအချိ န်တိုလေး အတွင်းမှာ ပင် ဂျက်မားသည် နှလုံးသား၏ ပင်မ အချက်အချာ နေရာသို့ ပြတင်းတံခါးမှ လှမ်းကြည့် မြင်လိုက်ပါသည် ။ ထိုသို့ လှမ်းကြည့်မြင်လိုက်သော တဒင်္ဂ အချိန်လေးအတွင်းမှာ ပင် သူ လည်း တုံ့ပြန်မှု လျှပ်စစ်လှိုင်းကို လက်ခံရလိုက်ပါသည် ။ အကောင်အ ထည် မရှိသော တိုးဝင်ရောက်လာမှု တစ်ခုဖြစ်ပါသည် ။ ဘာနှင့် တူသ လဲ ဆိုသော် သူ့လမ်းကြောင်းနှင့် သူခရီး နှင်နေသော လျှပ်စစ်ဓာတ်တွေ ကို သယ်ဆောင်လာသည့် တိမ်တိုက်ကြီး နှစ်ခုသည် တစ်ခုနှင့် တစ်ခု " ဒိန်း" ဆို ထိပ်တိုက်ဝင်တိုးရင်း ကမ္ဘာမြေပေါ်သို့ လျှပ်စစ်စီးကြောင်းများ ဖြာကျ လာစေသလို ဖြစ်ပါသည် ။ ထိုဖြစ်ရပ်သည် တိမ်တိုက် နှစ်အခုအ ပေါ် ဘယ်လို သက်ရောက်မှုများ ဖြစ်စေနိုင်ပါသလဲ။ ထိုကိစ္စကို အချိန် ကသာလျှင် ပြောပြနိုင်မှာ ဖြစ်ပါ သည် ။

ဂျက်မားသည် တုံ့ဆိုင်း တုံ့ဆိုင်း ပြုလုပ်တတ်သူ တစ်ယောက် မဟုတ်ပါ။ သူသည် ပိုင်ပိုင် ဆုံးဖြတ်တတ်သည့် ကိုယ်ရည် ကိုယ်သွေးဖြ င့် မွေးလာသူ တစ်ယောက် ဖြစ်နိုင်ပါသည် ။ သူစကားပြောပြီးသည့်

အခါ ထိုတောက်ပနေသော မျက်လုံး နှစ်လုံးကို မနေ့အမြန် လိုက်ရှာပါသည် ။

"ဟယ်လို ကျွန်တော့်အမည်က ဂျက်မားပါ။ အခုအချိန်က ကျွန်တော်တို့ စတွေ့တဲ့ အချိန် ဖြစ်ပါတယ်။ ခင်ဗျားအနေနဲ့ ကျွန်တော်နဲ့ နောက်ပိုင်း တွေ့နိုင်တဲ့ အချိန်ရလိမ့်မယ် ထင်ပါတယ်" ဟု မိတ်ဆက် စကားပြောရင်း လက်ဆွဲနှုတ်ဆက်ရန် သူ့လက်ကို ကမ်းလိုက်ပါသည် ။ ထိုအချိန်တွင် သူ့အပြုံးကလည်း တောက်ပ ကြည်လင်နေပါသည် ။

အနည်းငယ် တုံ့ဆိုင်းနေသော လက်တစ်ဖက်မှာ တဖြည်းဖြည်း ဂျက်မားထံ ကမ်းလာပါသည် ။ ဂျက်မားက ထိုလက်ကို ခိုင်မာစွာ ဆုပ်ကိုင် လိုက်ပါသည် ။ လက်များ သည် မျှော်လင့်ချက်များ စွာဖြင့် အချင်းချင်း ဆုပ်ကိုင်ထားမိရက်သား ဖြစ်နေပါသည် ။ တောက်ပသော မျက်လုံးများ ဖြင့် အချင်းချင်း ကြည်နူးစွာ ကြည့်နေမိကြပါသည် ။ "တွေ့ရတာ ဝမ်းသာပါတယ်။ ရှင်နဲ့ သိရတဲ့ အခွင့်အရေး ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောလိုက်ပါသည် ။ ပြောလိုက်သူမှာ တည်ငြိမ်ပြီး မိမိတစ်ယောက်တည်း အေးဆေးစွာ နေတတ်သူ၊ စကားတွေများများစွာ မပြောသည့် မိန်းကလေး "ဇန်ရင်း" ဖြစ်ပါသည် ။ သို့သော် ထိုမိန်းကလေးမှာ အံ့အားသင့်စရာ ကောင်းလောက်အောင် ဉာဏ်ထက်မြက်ပါသည် ။ သူတို့ နှစ်ယောက် အချင်းချင်း သိကျွမ်း လာပြီး ကျောင်းသူ ကျောင်းသား သူငယ်ချင်းအဆင့်မှ ချစ်သူများ အဖြစ် ရောက်လာကြပါသည် ။ နောက်ပိုင်းတွင် အကြင်လင်မယား အဖြစ်သို့ ရောက်လာခဲ့ပါသည် ။

သူတို့ နှစ်ယောက်သည် ချစ်စရာကောင်းသည့် သာမန်အတွဲ ညီသည့် လင်မယားနှင့် တူပါသည် ။ သို့သော် သူတို့ နှစ်ယောက်လုံးတွင် ထူးခြား

သည့် လက္ခဏာများ ရှိကြပါသည် ။ "ဇန်ရင်း" က ပြောဖူးပါသည် ။ "ဂျက်မားက ထူးထူးခြားခြား ခံ့ညားတဲ့ လူတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သူက ခံ့ထည်သူလူချောတွေမလုပ်နိုင်တာတွေကို သူက လုပ်နိုင်ပါတယ်။ ဥပမာ- ဟန်ဇောင်းမှာ အင်္ဂလိပ်စာ သင်တန်းစတင် ဖွင့်နိုင်ပါတယ်။ နိုင်ငံခြားငွေ ရအောင် နိုင်ငံခြားသား ခရီးသွားတွေ အတွက် ဧည့်လမ်းပြအဖြစ် လုပ်ကိုင်ခဲ့ပါတယ်။ ဟန်ဇောင်းမှာ အထင်ရှားဆုံး တတ်ကျွမ်းသူ တစ်ယောက် အဖြစ်သာမက အချိန်ပိုင်း အလုပ်တွေလည်း အများကြီး လုပ်နိုင်ပါတယ်" ဟု ပြောပြပါသည် ။

တရုတ် လူမျိုးတွေမှာ "လင်နှင့် မယား ဆိုသည် မှာ တောင်ပံယှက်ပျံ ငှက်မောင်နှံလို ဖြစ်ပါသည် " ဟု အလွန်လှပသည့် ဆိုရိုးစကား တစ်ခု ရှိပါသည် ။ ဇန်ရင်းမှာ ဂျက်မားအတွက် ချစ်သူဇနီးသာ ဖြစ်သည် မဟုတ်ပါ။ စီးပွားရေး လုပ်ငန်းကို ပူးတွဲ ထူထောင်သူလည်း ဖြစ်ပါသည် ။ လက်တွဲဖော် ဘဝအဖော်မွန် ဖြစ်ပါသည် ။ ဂျက်မားက အောင်မြင်သည် ဖြစ်စေ၊ ကျရှုံးသည် ဖြစ်စေ ဂျက်မားဘေးမှာ အမြဲ ရှိနေပေးပါသည် ။ ဂျက်မားက လိုအပ်နေသည့် အချိန်တိုင်းတွင် မိမိ၏ ဂုဏ်သတင်း ကျော်ကြားမှုများကို ဘေးဖယ်ထားလျက် အိမ်သို့ အလျင်အမြန် ပြန်လာတတ်ပါသည် ။

တချို့ လူများ အတွက် သူတို့ အလုပ်သည် အစစ အရာရာ ဖြစ်ပြီး အိမ်ထောင်ရေးမှာ သူတို့ လုပ်ငန်း၏ တစ်ဝက်လောက်သာ အရေးကြီးသည် ဟု မြင်သူများ ရှိတတ်ပါသည် ။ ဂျက်မားမှာ ကံကောင်းပါသည် ။ သူသည် လုပ်ငန်းလည်း အောင်မြင်ပြီး အိမ်ထောင်ရေးမှာ လည်း ပျော်ရွှင် အဆင်ပြေပါသည် ။ ထိုသို့ ဖြစ်သည့် အတွက် နှစ်ယောက်လုံး အကျိုးရှိစေပါသည် ။ စိတ်ချမ်းသာစေပါသည် ။ တက္ကသိုလ် တက်နေစဉ်က အသိအမြင်များ နှင့် မိမိကိုယ်ကို ယုံကြည်မှုများ ရစေခဲ့သလိုပင် ဇန်ရင်းနှ

င့် အိမ်ထောင် ပြုလိုက်သည့် အခါမှာ လည်း အမြော်အမြင်ရှိပြီး အား ထားနိုင်သည့် ဘဝ ကြင်ဖော်တစ်ယောက် ရလာခြင်း ဖြစ်ပါသည် ။

ဂျက်မားသည် ဟန်ဇောင်း တက္ကသိုလ်မှ ပြီးဆုံးသွားသောအခါ သူ၏ တက်ကြွနေသည့် စိတ်ဓာတ်၊ ပြတ်သားစွာ ဆုံးဖြတ်ထားကြောင်း ပြသ သည့် မျက်လုံးများက အနာဂတ်အတွက် မျှော်လင့်ချက်များ ဖြင့် အရော င်တွေ တောက်နေပါတော့သည် ။ လာမည့် နှစ်များ တွင် သူ့အောင်မြင်နို င်မှုများကို ကြိုတင် တွက်ဆနိုင်သည့် နည်းလမ်းတော့မရှိပါ။ သို့သော် ယနေ့နှင့် မနက်ဖြန်သည် ဒုက္ခအပေါင်း ပြည့်နေသော်လည်း သန်ဘက်ခါအတွက် စောင့်ဆိုင်း ထိုက်ကြောင်း သူက ကောင်းစွာနားလ ည် သဘောပေါက်ထားပါသည် ။

***